# သတင်း ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် မေလ ၂ ရက် မြန်မာ စံတော်ချိန် ၁၇၀၀ (၁၀၃၀ UTC) အထိ တားမြစ်ထားသည်

## S&P Global မြန်မာ ထုတ်လုပ်မှု PMI™

# မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ရေး ကဏ္ဍ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစပြီး ပထမဦးဆုံးအကြိမ် တိုးတက်လာခြင်း

### အဓိက တွေ့ရှိချက်များ

အော်ဒါသစ်များ ထပ်မံတိုးလာနေချိန်မှာ ထုတ်လုပ်မှု မြင့်တက်လာခြင်း

အလုပ်နေရာ ဖန်တီးမှုမှာ ဧပြီလတွင် စစ်တမ်း၏ ပူးတွဲအမြင့်ဆုံးသို့ အရှိန်မြင့်လာခြင်း

ဈေးနှုန်း ဖိအားပေးမှုများမှာ ကုန်ကြမ်း ရှားပါးမှုကြား ဆက်လက်မြင့်မားနေခြင်း

S&P Global မြန်မာ ထုတ်လုပ်မှု PMI™

ရာသီအလိုက် ညှိကိန်း >၅၀ =ယခင်လ နောက်ပိုင်း တိုးတက်ခဲ့




ရင်းမြစ်- S&P Global.
ဒေတာကို ၂၀၂၂ ခုနှစ် ဧပြီ ၁၄ - ၂၁ ရက်များတွင် စုစည်းခဲ့သည်။

ဧပြီလအတွင်း ထုတ်လုပ်မှုရော အော်ဒါသစ်များပါ အသစ်တဖန် တိုးလာချိန်မှာ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍသည် ဒုတိယ သုံးလပတ်အစတွင် ၎င်း၏လုပ်ငန်းလည်ပတ်မှု အခြေအနေများ ပထမဦးဆုံးအကြိမ်တိုးလာကြောင်း မှတ်တမ်းတင်ခဲ့သည်။ ဧပြီလ ဒေတာက အလုပ်သမားဦးရေ အခိုင်အမာ တိုးလာကြောင်း ဖော်ပြခဲ့ပြီး အလုပ်နေရာ ဖန်တီးမှုနှုန်းမှာ မှတ်တမ်းထဲတွင် ပူးတွဲအမြင့်ဆုံး ဖြစ်လာသည်။

ယင်းအတောအတွင်း ပေးသွင်းပစ္စည်းများ ရှားပါးမှုပြဿနာမှာ နောက်ဆုံးစစ်တမ်းဒေတာ၏ အဓိကအကြောင်းအရာအဖြစ် ဆက်လက်ရှိနေခဲ့ပြီး အချို့ကုမ္ပဏီများက ၎င်းတို့၏ စက်ရုံများကို ပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြရသည်။ သို့ဖြစ်၍ လက်ကျန် အလုပ်များမှာ ကြီးမားသောနှုန်းဖြင့် ဆက်လက်မြင့်မားကာ သွင်းကုန်ပစ္စည်းကြာမြင့်ချိန်များ တိုးလာခဲ့ပြီး ဈေးနှုန်းဖိအားပေးမှုများ ဆက်လက်မြင့်မားလျက်ရှိနေခဲ့သည်။

S&P Global မြန်မာ ကုန်ထုန်ရေး PMI အညွှန်းကိန်း - ကုန်ထုတ်လုပ်မှု လုပ်ကိုင်နိုင်စွမ်းကို ဖော်ပြပေးသည့် ပေါင်းစပ်ထားသည့် တစ်ခုတည်းသော ကိန်းဂဏန်းမှ – မတ်လတွင် ၄၇.၁ ရှိခဲ့ရာမှ ဧပြီလတွင် ၅၀.၄ သို့ မြင့်တက်လာကြောင်း ဖော်ပြခဲ့သည်။ အပြောင်းအလဲမရှိ အမှတ် ၅၀.၀ အထက်တွင် ရှိနေသည့် နောက်ဆုံးစစ်တမ်းဒေတာမှ ကုန်စည်ထုတ်လုပ်ရေးကဏ္ဍ၏ အခြေအနေ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစပြီး ပထမဦးဆုံးအကြိမ် တိုးတက်လာကြောင်းကို ညွှန်ပြနေသည်။ PMI ထဲက အကြီးမားဆုံး အစိတ်အပိုင်း သုံးခုမှာ အော်ဒါသစ်များ၊ ထုတ်လုပ်မှုနှင့် အလုပ်ခန့်အပ်မှုနှင့် ကဏ္ဍ၏ အခြေအနေဆိုင်ရာ အဓိကစံအတိုင်းအတာများ ဖြစ်ကြပြီး ၎င်းတို့အားလုံးက နောက်ဆုံးတိုးတက်မှုကို ပံ့ပိုးပေးခဲ့ကြသည်။

ပါဝင်ဖြေကြားသူတို့၏ အဆိုအရ ဖောက်သည်များဘက်မှ ဝယ်လိုအား အနည်းအကျဉ်းတိုးလာမှုက ကုန်ထုတ်လုပ်ရေးကဏ္ဍ ပြန်နာလန်ထူလာရေးကို တွန်းအားပေးခဲ့ပါသည်။ အော်ဒါသစ်များ တိုးလာမှုမှာ ဒသမဂဏန်းမျှသာ ဖြစ်သော်လည်း ထုတ်လုပ်မှု ပမာဏများကို မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် နောက်ဆုံးစစ်တမ်းဒေတာက ထုတ်လုပ်မှု အသင့်အတင့် တိုးလာခြင်းကို ညွှန်ပြလာသည်။ အော်ဒါ မှာယူမှုများ တိုးရလာခြင်းကို မကြာခဏဆိုသလို ပြည်တွင်းဈေးကွက် အခြေအနေများ ပိုကောင်းလာခြင်းနှင့် ဆက်စပ်ရှင်းပြကြသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ဝန်း၏ တိုးထုတ်လုပ်မှုကို ကုန်ကြမ်းရှားပါးမှုများနှင့် လျှပ်စစ်ဓာတ်အား မမှန်မှုကဲ့သို့သော ပစ္စည်းပေးသွင်းမှုဆိုင်ရာ စိန်ခေါ်မှုများက ဟန့်တားခဲ့ကြသည်။ အချို့သော ပါဝင်ဖြေကြားသူတို့က သွင်းကုန်ဖြည့်သွင်းမှုဆိုင်ရာ အခက်အခဲများကြောင့် ၎င်းတို့၏ ဖောက်သည်များ အဆိုပါလတွင် ထုတ်လုပ်မှုကို

### သုံးသပ်ချက်

နောက်ဆုံး စစ်တမ်းရလဒ်များကို သုံးသပ်ဖေါ်ပြရာတွင် S&P Global မှ စီးပွားရေးပညာရှင် Maryam Baluch ပြောကြားခဲ့သည်မှာ-

*"ကုန်ထုတ်လုပ်မှုကဏ္ဍဟာ ဧပြီလမတိုင်မီအထိ အချိန်အတော်ကြာ ကျဆင်းမှု ကာလထဲတွင် ရှိလာခဲ့ရာကနေပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစပြီး ပထမဦးဆုံးအကြိမ် တိုးထုတ်လုပ်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ နောက်ဆုံးလရဲ့ စစ်တမ်းက ပြင်းထန်တဲ့ နိုင်ငံတကာ စိန်ခေါ်မှုများနောက်ခံကြားမှာ ရုန်းကန်နေခဲ့ရတဲ့ ကဏ္ဍတွင် အတော်အသင့်တိုးတက်မှု ရှိလာကြောင်းကို မီးမောင်းထိုးပြနေပါတယ်။ ဧပြီလတွင် အော်ဒါအသစ်များ၊ ထုတ်လုပ်မှုနှင့် အလုပ်နေရာအားလုံး တိုးတက်လာကြောင်း မြင်ရခြင်းမှာ အပြုသဘော လက္ခဏာများပါ။*

*"ဒါပေမဲ့ ပစ္စည်းပေးသွင်းမှုဆိုင်ရာ အခက်အခဲများနှင့် ငွေကြေးဖောင်းပွမှုရဲ့ ဖိအားပေးမှုများက တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်အဟန့်အတားဖြစ်စေခဲ့ပါတယ်။ ကုမ္ပဏီတချို့က လျှပ်စစ်နှင့် ကုန်ကြမ်းပစ္စည်း ပြတ်တောက်မှုများကို တုံ့ပြန်တဲ့အနေနှင့် ၎င်းတို့ရဲ့ စက်ရုံများကို ပိတ်သိမ်းဖို့ ရွေးချယ်ခဲ့ကြတယ်။ တရုတ်နိုင်ငံတွင် ကိုဗစ်ကြောင့် ဆိပ်ကမ်းများ ပိတ်ထားမှုများကပါ စက်မှုကဏ္ဍကို ရှေ့ဆက်ထိုးနှက်နေတဲ့ အန္တရာယ်များဖြစ်လာတယ်။*

*"နိုင်ငံရေး မတည်ငြိမ်မှုကို တစ်နိုင်ငံလုံး ပြင်းထန်စွာ ရင်ဆိုင်နေရခြင်းကြောင့် အခြေအနေများမှာ ပိုလို့ကို ဆိုးဝါးလာခဲ့ပါတယ်။ ဒ့ါအပြင် ကာကွယ်ဆေး ထိုးနှံမှုနှုန်း နှေးကွေးနေခြင်းကြောင့် မြန်မာနိုင်ငံဟာ ကူးစက်မှုလှိုင်း အသစ်များနှင့် မျိုးကွဲအသစ်များကို ပိုမိုခံစားလာရနိုင်ဖွယ်ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးစစ်တမ်း ဒေတာက ကုန်ထုတ်လုပ်မှုကဏ္ဍ အစိတ်အပိုင်းများအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းမျှော်လင့်ချက်တချို့ကို ဖေါ်ပြနေတယ်လို့ ဆိုနိုင်ပါတယ်။"*



© 2022 S&P Global

ရပ်စဲလာခဲ့ကြရာ လုပ်ငန်းသစ်များ လက်ခံယူမှု ကျဆင်းလာခဲ့ရသည်ဟု ဆိုကြသည်။ ပစ္စည်းပေးသွင်းသူတို့တွင် ကုန်ပစ္စည်းရရှိမှုအခြေအနေ နည်းပါးလာမှုကြောင့် ပစ္စည်းတင်ပို့မှု ကြန့်ကြာလာခဲ့ရာ ပစ္စည်းပေးသွင်းရေး ပျမ်းမျှကြာမြင့်ချိန်များမှာ ဧပြီလတွင် သိသိသာသာကြာမြင့်လာပြီး လပေါင်းနှစ်ဆယ်အထိ ဆက်တိုက် ကြာမြင့်လာသည်။ သို့သော်လည်း ပစ္စည်းပေးသွင်းသူတို့၏ စွမ်းဆောင်ရည် ဆုတ်ယုတ်လာမှုမှာမူ မတ်လ၏ စံချိန်တင်နှုန်းထက် မသိမသာ အားနည်းခဲ့ပါသည်။

ပစ္စည်းပေးသွင်းမှုဆိုင်ရာ အခက်အခဲများ အကြားတွင် နောက်ဆုံးစစ်တမ်းဒေတာက ဧပြီလအတွင်း နောက်ထပ် လက်ကျန်အလုပ်များ သိသိသာသာ တိုးလာခဲ့ခြင်းကို အချက်ပြနေသည်။ အချို့သော ကိစ္စရပ်များတွင် ကုန်ကြမ်းပစ္စည်း ရှာဖွေရမှု အခက်အခဲများကြောင့် ကုမ္ပဏီများက ၎င်းတို့၏ စက်ရုံများကို ပိတ်သိမ်းခဲ့ကြရသည်။ သို့သော်လည်း နောက်ဆုံးဒေတာက မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ တစ်ဝန်းတွင် အလုပ်နေရာများ အားကောင်းစွာ တိုးလာခဲ့ကြောင်း ညွှန်ပြနေသည်။ စင်စစ်တွင် အလုပ်နေရာသစ် ဖန်တီးမှု နှုန်းမှာ မှတ်တမ်းထဲတွင် ပူးတွဲအမြင့်ဆုံး ဖြစ်လာပါသည်။

ပို့ဆောင်ခများနှင့် လောင်စာ ဈေးနှုန်းများ မြင့်တက်နေမှုအပြင် ကုန်ပစ္စည်းများ ရှားပါးမှုကြောင်း ဒုတိယသုံးလပတ်၏ အစပိုင်းတွင် သွင်းကုန်ဈေးနှုန်းများ ထိုးတက်သွားခဲ့သည်။ ထို့ကြောင့် ကုမ္ပဏီများက မြင့်တက်လာသည့် ကုန်ကျစရိတ်များကို ဈေးဝယ်များထံသို့ လွှဲဖို့ချနိုင်ရန် ၎င်းတို့၏ စက်ရုံ ရောင်းဈေးများများကို တဟုန်ထိုး မြှင့်တင်ခဲ့ကြသည်။ သွင်းကုန်များနှင့် ထုတ်ကုန်ဈေးနှုန်း နှစ်ခုစလုံးတို့၏ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ဧပြီလတွင် သမိုင်းဝင် မြင့်မားလာခဲ့ပြီး ဒေတာကို စတင်ကောက်ယူခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစပြီး အမြန်ဆုံးတစ်ခု ဖြစ်လာခဲ့သည်။

နောက်ဆုံးအနေနှင့် လုပ်ငန်းများအပေါ် ယုံကြည်မှုအဆင့်မှာ ယခင်စစ်တမ်းကာလတွင် အားနည်းခဲ့ပြီးနောက် ဧပြီလတွင် မသိမသာ အားကောင်းလာခဲ့သည်။ ထုတ်ကုန်သစ်များ ထုတ်လုပ်လာနိုင်ခြင်းနှင့် ကုမ္ပဏီကို တိုးချဲ့ရန် စီမံကိန်းများက အကောင်းမြင်စိတ်ကို ပံ့ပိုးပေးခဲ့သည်။ သို့သော်လည်း ယုံကြည်မှုအဆင့်မှာမူ စစ်တမ်းသမိုင်းတွင် မှတ်တမ်းတင်ထားသည့် ပျမ်းမျှထက် နိမ့်နေပါသည်။

## PMI အလုပ်နေရာဆိုင်ရာ အညွှန်း

ရာသီအလိုက် ညှိကိန်း >၅၀ =ယခင်လ နောက်ပိုင်းတိုးတက်လာခဲ့




ရင်းမြစ်- S&P Global.

## ဆက်သွယ်ရန်

Maryam Baluch
Economist
S&P Global
T: +44-13-4432-7213
maryam.baluch@spglobal.com

Joanna Vickers
Corporate Communications
S&P Global
T: +44207-260-2234
joanna.vickers@spglobal.com

လူကြီးမင်းသည် S&P Global ထံမှ သတင်းထုတ်ပြန်ချက်ကို မရယူလိုလျှင်၊ ကျေးဇူးပြုပြီး katherine.smith@spglobal.com ထံ အီးမေးလ် ပို့ပေးပါ။ ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ မူဝါဒကို ဖတ်ရှုရန် ဤနေရာတွင် နှိပ်ပါ။

### စစ်တမ်း နည်းစနစ်

S&P Global မြန်မာ ထုတ်လုပ်မှု PMI® ကို ထုတ်လုပ်သူ ၄၀၀ ခန့်ပါဝင်သည့် အဖွဲ့တစ်ခုမှ ထည့်ကုန် ဝယ်ယူရေး မန်နေဂျာများထံ ပို့ပေးခဲ့သည့် မေးခွန်းလွှာများ အတွက် ရရှိသည့် ဖြေကြားချက်များကို အခြေခံပြီး တွက်ချက်ပါသည်။ ဤအဖွဲ့တွင် GDP အား ထောက်ပံ့မှုကို အခြေခံပြီး အသေးစိတ်ကဏ္ဍနှင့်လုပ်သားအင်အား ပမာဏ အမျိုးမျိုး ပါဝင်အောင် ရွေးခဲ့သည်။ ဒေတာ စုစည်းမှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် စတင်ခဲ့သည်။

စစ်တမ်းအတွက် ဖြေကြားချက်များကို လစဉ် ဒုတိယ လဝက်ပိုင်းမှာ ကောက်ခံခြင်းဖြစ်ပြီး ယခင်လနှင့်နှိုင်းယှဉ်ပြီးပြောင်းလဲမှုကို ညွှန်ပြပါသည်။ စစ်တမ်း၏ ကိန်းရှင်တိုင်း အတွက် ပျံ့နှံ့မှု အညွှန်းကို တွက်ချက်ပါသည်။ အညွှန်းမှာ 'ပိုမြင့်သည့်' ဖြေကြားချက်များ၏ ရာခိုင်နှုန်းနှင့် 'အပြောင်းအလဲမရှိ'ဟု ဖြေခဲ့ကြသူတို့၏ ရာခိုင်နှုန်း တစ်ဝက်ကို စုပေါင်းမှု ဖြစ်ပါသည်။ အညွှန်းများမှာ ၀ နှင့် ၁၀၀ အကြား ရှိနိုင်ပြီး ၅၀ အထက်တွင် ရှိနေပါက ခြုံပြောရလျှင် ယခင်လထက် တိုးတက်မှုကို ပြပြီး၊ ၅၀ အောက် ဆိုပါက ခြုံကြည့်လျှင် ကျဆင်းမှုကို ညွှန်ပြ ပါသည်။ ယင်းနောက်မှာ အညွှန်းများကို ရာသီအလိုက် ညှိပေးရပါသည်။

အဓိကအကျဆုံး ကိန်းဂဏန်းမှာ ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်း Purchasing Managers' Index™ (PMI) ဖြစ်ပါသည်။ PMI မှာ အောက်ပါ အညွှန်း ငါးခုတို့၏ ချိန်ဆတွက်ထားသည့် ပျမ်းမျှဂဏန်း ဖြစ်သည်- အော်ဒါသစ်များ (၃၀%)၊ ထုတ်လုပ်မှု (၂၅%)၊ အလုပ်နေရာ (၂၀%)၊ ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ (၁၅%) နှင့် သိုလှောင်ထားသည့် ထည့်ကုန်များ (၁၀%)။ PMI ကို တွက်ချက်နိုင်ရန် ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ အညွှန်းကို အခြား အညွှန်းများနှင့် ယှဉ်ရနိုင်အောင် ဦးတည်ချက်ကို ပြောင်းပေးထားပါသည်။

ကောက်ယူထားသည့် စစ်တမ်း ဒေတာကို ထုတ်ပြန်မှု နောက်ပိုင်းတွင် ပြန်လည် ပြင်ဆင်ခြင်း မရှိသော်လည်း ရာသီအလိုက် ညှိပေးရမည့် အချက်များကိုမူ အချိန်အခါအလိုက် ညှိပေးနိုင်သောကြောင့် ရာသီအလိုက်ညှိထားသည့် စစ်တမ်း ဒေတာများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

PMI စစ်တမ်းအား တွက်ချက်နည်းဆိုင်ရာ နောက်ထပ် အချက်အလက်များ အတွက် ကျေးဇူးပြုပြီး economics@ihsmarkit.com သို့ ဆက်သွယ်ပါ။

### S&P Global အကြောင်း

S&P Global (NYSE: SPGI) S&P Global သည် အရေးပါသည့် အချက်အလက်များကို စီစဉ်ပေးပါသည်။ အစိုးရများ၊ စီးပွားရေး လုပ်ငန်းများ နှင့် လိုအပ်သူများအတွက် ကျွန်ုပ်တို့သည် မှန်ကန်သည့် ဒေတာ၊ ကျွမ်းကျင်မှုများ နှင့် ဆက်စပ် နည်းပညာကို တပ်ဆင်ပေးလျက် ယုံကြည်စိတ်ချရသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ထောက်ကူပေးပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူတို့အား ရင်းနှီးမြှုပ်နှံမှုအသစ်များကို စိစစ်တန်ဖိုးဖြတ်နိုင်ရန် ကူညီပေးမှုမှအစ ESG နှင့် ပစ္စည်းပေးသွင်းရေး ကွင်းဆက်များ တစ်ဝန်းမှာ စွမ်းအင်ကို ပုံစံပြောင်းပေးရာတွင် ၎င်းတို့အား လမ်းညွှန်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အခွင့်အလမ်းများကို ဖွင့်ထုတ်ပေးရင်း စိန်ခေါ်မှုများကို ဖြေရှင်းလျက် ကမ္ဘာကြီးအတွက် တိုးတက်မှုအရှိန်ကို တိုးမြှင့်ပေးကြပါသည်။

နိုင်ငံတကာ အရင်းအနှီး၊ ကုန်စည်နှင့် မော်တော်ယာဉ် ဈေးကွက်များတွင် ယုံကြည်စိတ်ချရမှု အဆင့်သတ်မှတ်ချက်များ၊ စံညွှန်းများ၊ ဆန်းစစ်လေ့လာမှုများနှင့် လုပ်ငန်းစီးဆင်းမှု ဆိုင်ရာ ဖြေရှင်းနည်းများအတွက် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်း အများအပြားတို့က ကျွန်ုပ်တို့အား ရှာဖွေ ချဉ်းကပ်ကြရပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ကမ်းလှမ်းချက်တိုင်းဖြင့် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်းများအား အနာဂတ်အတွက်၊ ပစ္စုပ္ပန်အတွက် စီမံရေးဆွဲနိုင်ရန် ထောက်ကူပေးကြပါသည်။ www.spglobal.com.

### PMI အကြောင်း

ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်း (PMI™) စစ်တမ်းများကို ယခုအခါ နိုင်ငံပေါင်း ၄၀ ကျော်အပြင် ယူရိုဇုန်အတွင်းရှိ အထင်ကရ ဒေသများအတွက်ပါ ထုတ်ပြန်ပေးနေပါသည်။ ၎င်းတို့မှာ ကမ္ဘာပေါ်တွင် အနီးကပ်ဆုံး စောင့်ကြည့်လေ့လာလျက်ရှိသည့် လုပ်ငန်းဆိုင်ရာ စစ်တမ်းများ ဖြစ်ကြပြီး ၎င်းတို့၏ စီးပွားရေးအတွက် ထူးခြားသည့် အလားအလာများဆိုင်ရာ လစဉ် အညွှန်းများကို နောက်ဆုံး အချက်အလက်များနှင့်အညီ တိကျစွာ ညွှန်ပြပေးနိုင်စွမ်းကြောင့် ဗဟိုဘဏ်များ၊ ဘဏ္ဍာရေး ဈေးကွက်များနှင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးကြသူတို့ အားကိုးကြရပါသည်။ ihsmarkit.com/products/pmi.html.

### မသက်ဆိုင်ကြောင်း ကြေညာချက်

ဤနေရာတွင် ဖော်ပြထားသည့် ဒေတာ၏ ဉာဏပစ္စည်း ပိုင်ဆိုင်မှု မူပိုင်ခွင့်များကို S&P Global နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများမှ ပိုင်ဆိုင်သည် သို့မဟုတ် လိုင်စင်ရထားသည်။ S&P Global ထံမှ ကြိုတင် ခွင့်ပြုချက် မရယူဘဲ ဖော်ပြပါ ဒေတာကို မိတ္တူကူးခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုမှု အပါအဝင်ကို၊ ၎င်းင်းတို့ဖြင့်သာ ကန့်သတ်ထားခြင်း မရှိဘဲ၊ တားမြစ်သည်။ ဤနေရာတွင် ပါရှိသည့် အကြောင်းအရာ သို့မဟုတ် အချက်အလက်များ ("ဒေတာ") အတွက်၊ ဒေတာထဲက အမှားများ၊ မတိကျမှုများ၊ ချန်လုပ်မှုများ သို့မဟုတ် ကြန့်ကြာမှုများ အတွက်၊ ၎င်းတို့နှင့် ဆက်စပ်ပြီး လုပ်ဆောင်ချက် တစ်ခုခု အတွက်၊ S&P Global ဘက်မှ မည်သို့မှ တာဝန်ခံမှု၊ တာဝန်ယူမှု သို့မဟုတ် ကတိပေးမှု မရှိပါ။ ဒေတာကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အထူး၊ တိုက်ဆိုင်လျက် သို့မဟုတ် အကျိုးဆက်အဖြစ် နစ်နာမှုများ အတွက် မည်သည့်နည်းနှင့်မျှ S&P Global မှ တာဝန် မယူနိုင်ပါ။ Purchasing Managers' Index™ နှင့် PMI™ မှာ Markit Economics Limited ၏ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ် ဖြစ်သည် သို့မဟုတ် Markit Economics Limited နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများက လိုင်စင်ရထားသည်။

ဤအကြောင်းအရာကို ထုတ်ပြန်ခဲ့သည်မှာ S&P Global Market Intelligence ဖြစ်ပြီး S&P Global မှ စီမံခန့်ခွဲပေးသည့် S&P Global Ratings မဟုတ်ပါ။ မည်သည့် အချက်အလက်၊ ဒေတာ သို့မဟုတ် ဖော်ပြချက်၊ အဆင့်သတ်မှတ်ချက်များ ("အကြောင်းအရာ")အား တစ်နည်းနည်းဖြင့် ကူးယူးဖော်ပြမှုကို၊ သက်ဆိုင်သူထံမှ ကြိုတင်ပြီး စာရေးခွင့်ပြုထားခြင်းမှအပ၊ တားမြစ်သည်။ ယင်းကဲ့သို့သော အဖွဲ့အစည်း၊ ၎င်းတို့၏ အဖွဲ့ခွဲများ နှင့် ပစ္စည်းပေးသွင်းသူများ ("အကြောင်းအရာကို စီမံပေးသူများ")က မည်သည့် အကြောင်းအရာ၏ တိကျမှု၊ မှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်နှင့်ကိုက်ညီမှု သို့မဟုတ် ရရှိနိုင်မှုကို အာမမခံနိုင်ဘဲ မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ (ပေါ့ဆလျက် သို့မဟုတ် အခြားအကြောင်းကြောင့် ဖြစ်စေ) အမှား သို့မဟုတ် ချန်လုပ်ခဲ့မှု တစ်ခုခုအတွက် သို့မဟုတ် ထိုအကြောင်းအရာကို အသုံးပြုမှုမှ ပေါ်ထွန်းလာသည့် ရလဒ်များ အတွက် တာဝန်မယူနိုင်ပါ။ မည်သည့် အခြေအနေမျိုးတွင်မှ အကြောင်းအရာကို အသုံးပြုမှုနှင့် ဆက်စပ်ပြီး မည်သည့် နစ်နာမှုများ၊ ကုန်ကျမှုများ၊ စရိတ်စကများ၊ တရားဝင် အခနှုန်းများ သို့မဟုတ် ဆုံးရှုံးမှုများ (ဝင်ငွေ ဆုံးရှုံးမှုများ သို့မဟုတ် အမြတ်အစွန်း ဆုံးရှုံးမှုများ နှင့် အခွင့်အလမ်း ဆိုင်ရာ ကုန်ကျမှုများ အပါအဝင်) အတွက် အကြောင်းအရာကို စီမံပေးသူတို့သည် တာဝန်မရှိနိုင်ပါ။

PMI™

by S&P Global

© 2022 S&P Global